နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂/၉၇)
၁၃၅၈ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်
(၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ ပုဒ်မ ၈၃၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် –

"(က) နိုင်ငံခြားငွေကြေးများ သို့မဟုတ် နိုင်ငံခြားသုံးငွေနှင့် ဆက်စပ်သောစာချုပ်စာတမ်း တစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များ ရောင်းဝယ်ဖောက်ကားသည့် ပုဂ္ဂိုလ်များအား လုပ်ငန်းလိုင်စင် ထုတ်ပေးခြင်း၊ လုပ်ငန်းလိုင်စင် ရုတ်သိမ်းခြင်း၊ ကြီးကြပ်စစ်ဆေးခြင်းနှင့် ကြပ်မတ်ကွပ်ကဲခြင်း၊"

၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၈၄ ၏ နောက်တွင် ပုဒ်မ ၈၄–က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"၈၄–က ။ ။ (က) နိုင်ငံခြားငွေများ သို့မဟုတ် နိုင်ငံခြားသုံးငွေနှင့် ဆက်စပ်သော စာချုပ်စာတမ်း တစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် ရရှိသူ မည်သူမျှ လုပ်ငန်းလိုင်စင်စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုရ၊

(ခ) မည်သူမျှ နိုင်ငံခြားငွေကြေးများ သို့မဟုတ် နိုင်ငံခြားသုံးငွေနှင့် ဆက်စပ်သော စာချုပ်စာတမ်းတစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များ ရောင်းဝယ်ဖောက်ကားခြင်းနှင့် စပ်လျဉ်း၍ ဗဟိုဘဏ်က ထုတ်ပြန်ထားသောအမိန့် သို့မဟုတ် ညွှန်ကြားချက်ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ၊

(ဂ) မည်သူမျှ နိုင်ငံခြားငွေကြေးများ သို့မဟုတ် နိုင်ငံခြားသုံးငွေနှင့် ဆက်စပ်သော စာချုပ် စာတမ်း တစ်မျိုးမျိုး သို့မဟုတ် လက်မှတ်များ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းကို လုပ်ငန်းလိုင်စင် မရှိဘဲ လုပ်ကိုင်ခြင်း မပြုရ။

၄။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒမ ၈၇ ကို အောက်ပါအတိုင်း အစားထိုးရမည် –

"၈၇။ မည်သူမဆို ပုဒ်မ ၈၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၁၀၀၀၀ အထိဖြစ်စေ၊ ထောင်ဒဏ် ၂ နှစ် အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။"

၅။ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေပုဒ်မ ၈၇ ၏ နောက်တွင် ပုဒ်မ ၈၇–က နှင့် ပုဒ်မ ၈၇– ခ တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် –

"၈၇–က။ မည်သူမဆို ပုဒ်မ ၈၄–က၊ ပုဒ်မခွဲ(က) နှင့် (ခ) ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၁၀၀၀၀၀ အထိ ဖြစ်စေ၊ ထောင်ဒဏ် ၅ နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။ ထို့အပြင် သက်သေခံ ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။"

"၈၇–ခ။ မည်သူမဆို ပုဒ်မ ၈၄–က၊ ပုဒ်မခွဲ(ဂ) ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် ၂၀၀၀၀၀ အထိ ဖြစ်စေ၊

ထောင်ဒဏ် ၇ နှစ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့ပြင် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၆။ မြန်မာနိုင်ငံတော်ဖဟိုဘဏ် ဥပဒေပုဒ်မ ၉၃တွင် ပါရှိသော "ပုဒ်မ ၈၇ သို့မဟုတ် ပုဒ်မ ၈၇ သို့မဟုတ် ပုဒ်မ ၈၈ အရ" ဆိုသည့် စကားရပ်ကို "ပုဒ်မ ၈၇၊ ပုဒ်မ ၈၇-က၊ ပုဒ်မ ၈၇- ခ သို့မဟုတ် ပုဒ်မ ၈၈ အရ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့